ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

# ဩစတြေးလျနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ

**အကျဉ်းချုပ်**

ဩစတြေးလျနိုင်ငံသည် ၁၉၀၀ ခုနှစ်မှစတင်၍ ဓနသဟာရပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့ပြီး ၎င်း၏ဖက်ဒရယ်လွှတ်တော်ကို ၁၉၀၁ ခုနှစ် တွင်တည်ထောင်ခဲ့ပါသည်။ ယင်းလွှတ်တော်၏ဖွဲ့စည်းတည်ဆောက်ပုံအား အင်္ဂလန်နိုင်ငံလွှတ်တော်၏ Westminster model အားတည်မှီ၍ ဖွဲ့စည်းထားပါသည်။

ပြည်သူ့အရာရှိများ၏ ကျင့်ဝတ်လမ်းညွှန်အား ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၅ ခုနှစ် တွင် ပြင်ဆင်ခဲ့ပါသည်။ လွှတ်တော်ဝန်ထမ်းများနှင့် ပတ်သက်သော စည်းမျဉ်း၊ စည်းကမ်းများ ထည့်သွင်းရေးဆွဲထားသော လွှတ်တော်ဆိုင်ရာဝန်ထမ်းဥပဒေကို ၁၉၉၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လွှတ်တော်ဝန်ထမ်းဥပဒေတွင် လွှတ်တော်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်း ၄ ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ အောက်လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ အောက်လွှတ်တော်၏ ညွှန်ကြားရေးမှူးချုပ် (Clerk) အား ခန့်အပ်ပါသည်။ အထက်လွှတ်တော်တွင်လည်း ၎င်းနည်းတူဖြစ်ပါသည်။ လွှတ်တော်ဝန်ထမ်းများကို မြို့ပြဝန်ထမ်းများနှင့်မတူဘဲ တိတိကျကျ ခွဲခြားထားပါသည်။ လစာနှုန်းထားနှင့် အခွင့်အရေးများသည် အုပ်ချုပ်ရေးအဖွဲ့နှင့်တူညီမှုမရှိဘဲ ကိုယ်ပိုင်လွတ်လပ်စွာ ခွဲခြားထားပါသည်။ ဝန်ထမ်းတစ်ဦးသည် ယာယီအားဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မြို့ပြဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများကြား ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ပါသည်။

၂၀၁၄ ခုနှစ် အချက်အလက်များအရ ဩစတြေးလျနိုင်ငံအထက်လွှတ်တော်တွင် ဝန်ထမ်း ၁၅၅ ဦး၊ အောက်လွှတ်တော်တွင် ဝန်ထမ်း ၁၅၈ ဦးနှင့်လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဌာနတွင် ဝန်ထမ်း ၇၄၄ ဦး ရှိပါသည်။

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၃ |
| ၂။ | လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု | ၃ |
| ၃။ | လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်စပ်လျဉ်းသော အုပ်ချုပ်မှုဆိုင်ရာမူဝါဒများ | ၄ |
| ၄။ | လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခြင်း | ၄ |
| ၅။ | လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့် အခွင့်အာဏာများ | ၅ |
| ၆။ | လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသော လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ထမ်းစုဆောင်းရေး | ၆ |
| ၇။ | လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့် | ၇ |
| ၈။ | စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း | ၈ |
| ၉။ | လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များ | ၁၀ |
| ၁၀။ | ကျင့်ဝတ်များကို လိုက်နာရန် စည်းမျဉ်းစည်းကမ်းများချမှတ်၍ စီစဉ်ဆောင်ရွက်ခြင်း | ၁၀ |
| ၁၁။ | ကျင့်ဝတ်များအားယေဘုယျဖွင့်ဆိုခြင်း | ၁၁ |
| ၁၂။ | နိဂုံး | ၁၂ |

# ဩစတြေးလျနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်များ

## နိဒါန်း

၁။ ဩစတြေးလျနိုင်ငံသည် ၁၉၀၀ ခုနှစ်မှစတင်၍ ဓနသဟာရပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ပြီး ၎င်း၏ဖက်ဒရယ်လွှတ်တော်ကို ၁၉၀၁ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။[1] ယင်းလွှတ်တော်၏ဖွဲ့စည်းတည်ဆောက်ပုံအား အင်္ဂလန်နိုင်ငံလွှတ်တော်၏ Westminster model အားတည်မှီ၍ ဖွဲ့စည်းထားပါသည်။

၂။ ၁၉၉၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လွှတ်တော်ဝန်ထမ်းဥပဒေတွင် လွှတ်တော်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်း ၄ ရပ်ဖြင့် ဖွဲ့စည်း ထားပါသည်။ ၎င်းတို့မှာ

(က) အထက်လွှတ်တော်ဌာန၊

(ခ) အောက်လွှတ်တော်ဌာန၊

(ဂ) လွှတ်တော်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်းရုံး၊

(ဃ) လွှတ်တော်ဆိုင်ရာ ဝန်ဆောင်မှုဌာနတို့ဖြစ်ပါသည်။[2]

၃။ ၂၀၁၄ ခုနှစ် အချက်အလက်များအရ ဩစတြေးလျနိုင်ငံ အထက်လွှတ်တော်တွင် ဝန်ထမ်း ၁၅၅ ဦး၊ အောက်လွှတ်တော်တွင် ဝန်ထမ်း ၁၅၈ ဦးနှင့် လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဌာနတွင် ဝန်ထမ်း ၇၄၄ ဦး ရှိပါသည်။[3]

## လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်မှု

၄။ လွှတ်တော်ဝန်ထမ်းများနှင့်ပတ်သက်သော စည်းမျဉ်း၊ စည်းကမ်းများ ထည့်သွင်းရေးဆွဲထားသော လွှတ်တော်ဝန်ထမ်းဥပဒေကို ၁၉၉၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ခဲ့ပါသည်။

---

[1] http://www.peo.gov.au/learning/closer-look/short-history.html, [accessed date 15 July 2016]
[2] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 15 July 2016]
[3] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။, [accessed date 18 July 2016]

**လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်စပ်လျဉ်းသော အုပ်ချုပ်မှုဆိုင်ရာမူဝါဒများ**

၅။ လွှတ်တော်ဝန်ထမ်းများကို မြို့ပြဝန်ထမ်းများနှင့်မတူဘဲ တိတိကျကျခွဲခြားထားပါသည်။ လစာနှုန်းထားနှင့်အခွင့်အရေးများသည် အုပ်ချုပ်ရေးအဖွဲ့နှင့်တူညီမှုမရှိဘဲ ကိုယ်ပိုင်လွတ်လပ်စွာ ခွဲခြားထားပါသည်။ ဝန်ထမ်းတစ်ဦးသည် ယာယီအားဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ မြို့ပြဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများကြား ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ပါသည်။[4]

၆။ လွှတ်တော်ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့်အခြေခံမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လွှတ်တော်ဝန်ထမ်းများသည် ပေးအပ်သောတာဝန်အား လုပ်ငန်းကျွမ်းကျင် ပိုင်နိုင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့်အရည်အသွေးပြည့်ဝခြင်းတို့ဖြင့်ပြည့်စုံရပါမည်။

(ခ) ပြည်သူများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့မှု၊ မူဝါဒစွဲကင်းရှင်းမှုနှင့် မျှတမှုတို့ကိုကျင့်ကြံရပါမည်။

(ဂ) တစ်ဖက်စောင်းနင်းဖြစ်စေခြင်းကို ရှောင်ကျဉ်ရပါမည်။[5]

၇။ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများသည် ပါတီစွဲကင်းရှင်း၍ မူဝါဒစွဲ ကင်းရှင်းရပါသည်။ ထိုမူဝါဒများကို တိကျစွာလိုက်နာနိုင်ရန်အတွက် လွှတ်တော်ဝန်ဆောင်မှုဆိုင်ရာ ကော်မရှင်မင်းကြီးမှ ထိန်းသိမ်းကြပ်မတ်ပါသည်။ [6]

**လွှတ်တော်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခြင်း**

၈။ လွှတ်တော်ဝန်ထမ်းဥပဒေအရလွှတ်တော် ၂ ရပ်ရှိ လွှတ်တော်ဥက္ကဋ္ဌများသည် ၎င်းတို့၏ သက်ဆိုင်ရာဌာနများအလိုက်တာဝန်ယူဆောင်ရွက်ရပါသည်။ လွှတ်တော်ဥက္ကဋ္ဌများသည်လွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။ လွှတ်တော်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်း အရာရှိသည် လွှတ်တော်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်း၏ စီမံ

---

[4] Ibid.

[5] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 18 July 2016]

[6] Inter-Parliamentary UnionမှEmailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။ ,[accessed date 18 July 2016]

အုပ်ချုပ်မှုအတွက် လွှတ်တော်ဥက္ကဋ္ဌများကို တာဝန်ခံရပါသည်။ ၎င်း၏လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်ချက်များအတွက် လွှတ်တော်ကို တာဝန်ခံရပါသည်။

၉။ လွှတ်တော်အသီးသီးရှိ ညွှန်ကြားရေးမှူးချုပ်များ (Clerks) သည် လွှတ်တော်အုပ်ချုပ်ရေးအကြီးအကဲများဖြစ်ပြီး လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုတွင် အတွင်းရေးမှူးတစ်ဦးမှ ဦးဆောင်ပြီး လွှတ်တော်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်းအရာရှိသည် လွှတ်တော်ဆိုင်ရာ ရသုံးခန့်မှန်းခြေဌာနအား ကြီးကြပ်ကွပ်ကဲရပါသည်။ လွှတ်တော်ဆိုင်ရာစာကြည့်တိုက်မှူးသည်လည်း ပြဋ္ဌာန်းဥပဒေအရ ဌာနဆိုင်ရာအကြီးအကဲ ဖြစ်ပါသည်။

၁၀။ အထက်လွှတ်တော်ဌာနတွင် အောက်ပါဌာနများ ဖွဲ့စည်းပါဝင်ပါသည်-

(က) ဥပဒေကြမ်း၊ အဆိုနှင့်မေးခွန်းများ တင်သွင်းရေးဆိုင်ရာရုံး၊

(ခ) လွှတ်တော်လုပ်ငန်းစဉ်များဆိုင်ရာရုံး၊

(ဂ) ကော်မတီများရုံး။

၁၁။ ဓနသဟာရနိုင်ငံများ၏ ပါလီမန်များတွင် အဆောက်အဦးပိုင်းဆိုင်ရာ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာ၊ လုံခြုံရေးပိုင်းဆိုင်ရာများကို တာဝန်ယူရသော ပါလီမန်ရုံးအကြီးအကဲတစ်ဦး ဖြစ်ပါသည်။

၁၂။ အောက်လွှတ်တော်ဌာနတွင် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ကျိုင်းကိုင်အရာရှိ၊ ဥပဒေကြမ်း၊ အဆိုနှင့်မေးခွန်းများတင်သွင်းရေးဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီများဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ်များ ရှိပါသည်။

၁၃။ လွတ်လပ်သော လွှတ်တော်ဝန်ဆောင်မှုဆိုင်ရာ ကော်မရှင်မင်းကြီးကို သက်ဆိုင်ရာ လွှတ်တော်များ၏ လွှတ်တော်ဥက္ကဋ္ဌများမှ ခန့်အပ်ပါသည်။[7]

**လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့် အခွင့်အာဏာများ**

၁၄။ ယင်းအဖွဲ့သည် လွှတ်တော် ၂ ရပ်လုံးအတွက် အတတ်ပညာဆိုင်ရာ ထောက်ပံ့မှု၊ အကြံဉာဏ်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပံ့ပိုးပေးခြင်းတို့ကို စီစဉ်ပေးပါသည်။ လွှတ်တော် ၂ ရပ်၏

[7] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။, [accessed date 18 July 2016]

ဌာနများမှ နေ့စဉ်လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲရပြီး ဖွဲ့စည်းတည်ဆောက်ပုံ ကိစ္စအရပ်ရပ်နှင့် တာဝန်ခွဲဝေပေးအပ်ခြင်း ကိစ္စရပ်များကိုလည်း ကိုင်တွယ်ဆောင်ရွက်ရပါသည်။

၁၅။ လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် လွှတ်တော်ဝန်ထမ်းများနှင့် လွှတ်တော်ဝန်ထမ်းဖွဲ့စည်းပုံအတွက် နည်းဥပဒေများ ရေးဆွဲရပါသည်။ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို စာကြည့်တိုက်၊ သုတေသနဌာန၊ လုံခြုံရေးဌာန၊ ထောက်ပံ့မှုဌာန၊ ဧည့်ခံကြိုဆိုရေး၊ ဆောက်လုပ်ရေး၊ စီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးဌာန၊ လွှတ်တော်တွင်းစိမ်းလန်းစိုပြေရေးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနနှင့် မော်တော်ယာဉ်ဌာနများဖြင့်ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။[8]

**လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသော လူ့စွမ်းအားအရင်းအမြစ်နှင့်ဝန်ထမ်းစုဆောင်းရေး**

၁၆။ အောက်လွှတ်တော်ဥက္ကဋ္ဌသည်လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ အောက်လွှတ်တော်၏ညွှန်ကြားရေးမှူးချုပ် (Clerk) အား ခန့်အပ်ပါသည်။ အထက်လွှတ်တော်တွင်လည်း ၎င်းနည်းတူဖြစ်ပါသည်။[9] ၎င်းသည် လွှတ်တော်စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိပြီး ဥက္ကဋ္ဌအား လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်သော အခြေခံမူများအား အကြံပေးရပါသည်။[10]

၁၇။ အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်တွင် ခန့်အပ်ထားသည့် ညွှန်ကြားရေးမှူးချုပ် (Clerk) တစ်ဦးအား သက်တမ်း ၁၀ နှစ် သတ်မှတ်၍ ခန့်အပ်ပါသည်။ ၎င်း၏သက်တမ်းပြည့်ပြီးနောက် ၎င်းအားထပ်မံ၍ ခန့်အပ်ခွင့်မပြုပါ။

၁၈။ လွှတ်တော်ဝန်ထမ်းများ၏ လစာနှုန်းထားများ၊ အခွင့်အရေးများ၊ အုပ်စုလိုက် ခွဲခြားထားမှုအခြေအနေများကို လွှတ်တော် ၂ ရပ်မှ ဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာဝန်ဆောင်မှု ကော်မရှင်မင်းကြီးနှင့်ညှိနှိုင်း၍ ဆုံးဖြတ်ချက်ချမှတ်ပါသည်။

၁၉။ ၁၉၉၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော လွှတ်တော်ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ တွင် ဖော်ပြထားသော စည်းမျဉ်းနှင့်အညီ လွှတ်တော်ညွှန်ကြားရေးမှူးချုပ် (Clerk) များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၏ လစာအားသတ်မှတ်ဆောင်ရွက်ပါသည်။

---

[8] Ibid.

[9] Ibid.

[10] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 20 July 2016]

၂၀။ ရွေးချယ်ရေးအကြံပေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပင်ကိုယ်အရည်အချင်းရှိသူများအား စုဆောင်းခြင်း၊လွှတ်တော်ဝန်ထမ်းရာထူးတိုးမြှင့်ခြင်းများအား လွတ်လပ်စွာ ဆောင်ရွက်ပါသည်။[11]

၂၁။ လွှတ်တော်တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းအား ပြည်သူ့အလုပ်သမား ခန့်အပ်ခြင်းဥပဒေနှင့်အညီ စုဆောင်းရွေးချယ်ပြီးနောက် အလုပ်တာဝန် ခွဲဝေသတ်မှတ်ပေးပါသည်။ သာတူညီမျှ အခွင့်အလမ်းများရရှိရေးအတွက် ပြည်သူ့အလုပ်အကိုင်ခန့်အပ်ရေးကော်မတီမှ ဝန်ထမ်းရေးရာဌာန၏ ဝန်ထမ်းခန့်ထားခြင်းနှင့်လူသစ်စုဆောင်းခြင်းတို့အတွက် လမ်းညွှန်မှုပေးပါသည်။ ဝန်ထမ်းခန့်ထားခြင်းအား အချိန်အကန့်အသတ်မရှိ ခေါ်ယူလေ့ရှိပါသည်။ ဩစတြေးလျခနသဟာရနိုင်ငံပိုင်သတင်းစာမှ ကြော်ငြာပြီး လူတွေ့စစ်ဆေးရွေးချယ်၍ ဝန်ထမ်းစုဆောင်းပါသည်။ ဩစတြေးလျခနသဟာရနိုင်ငံသတင်းစာတွင် ရာထူးအလိုက် အရည်အချင်းများသတ်မှတ် ဖော်ပြထားပါသည်။ လွှတ်တော်ဝန်ထမ်းများတွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် ယာယီဝန်ထမ်းအဖြစ် ဆောင်ရွက်ပေးသောဝန်ထမ်းလည်းပါဝင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များဥပဒေတွင် လွှတ်တော်ဝန်ထမ်းများသည် လစာမဲ့ခွင့်ကိုသာ ခံစားခွင့်ရှိပါသည်။ အစိုးရဝန်ထမ်းများနှင့်တူညီသောရာထူးအဆင့်အတန်းရှိပါသည်။[12]

၂၂။ လွှတ်တော်ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးထိန်းညှိရေး ကော်မရှင်မင်းကြီးသည် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်နိုင်ရေးနှင့် မူဝါဒစွဲကင်းရှင်းစေရေးတို့အား စောင့်ကြည့်ကြီးကြပ်ရန်အတွက် တာဝန်ရှိပါသည်။[13]

**လွှတ်တော်ဆိုင်ရာ စီမံအုပ်ချုပ်ရေး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာလုပ်ပိုင်ခွင့်**

၂၃။ ဘတ်ဂျက်နှင့်ပတ်သက်သော လွှတ်တော်၏ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ကို လွှတ်တော်ဝန်ထမ်းဥပဒေဖြင့် အကာအကွယ်ပေးထားပါသည်။ လွှတ်တော်နှင့်ပတ်သက်သော ဘတ်ဂျက်ခွဲဝေမှုကို အစိုးရ၏ဌာနဆိုင်ရာ ဘတ်ဂျက်ခွဲဝေမှုများနှင့် သီးခြားသတ်မှတ်ထားပါသည်။ နှစ်စဉ်ဘတ်ဂျက်ဥပဒေတွင် လွှတ်တော်ဌာနများနှင့် ပတ်သက်၍ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို ခွဲခြားဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအဖွဲ့သည် လွှတ်တော်တစ်ရပ်လုံး

---

[11] Inter-Parliamentary Unionမှ Email ဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။ ,[accessed date 18 July 2016]

[12] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 22 July 2016]

[13] Inter-Parliamentary Unionမှ Emailဖြင့်ပေးပို့သောအချက်အလက်များဖြစ်ပါသည်။, [accessed date 18 July 2016]

၏အသုံးစရိတ်နှင့်ပတ်သက်၍ ဘတ်ဂျက်ဥပဒေ မူကြမ်းကိုဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ဘတ်ဂျက်ဥပဒေမူကြမ်းအား အတည်ပြုခြင်းနှင့်ပတ်သက်၍ လွှတ်တော်မှသာ ဆောင်ရွက်ပါသည်။

၂၄။ လွှတ်တော်၏ဘတ်ဂျက်ကို ဌာနအလိုက်ခွဲခြား၍ အုပ်ချုပ်ရေးအဖွဲ့သို့ ပေးပို့ရပြီး လွှတ်တော်ကော်မတီများအသုံးစရိတ်နှင့် ပတ်သက်၍ လွှတ်တော်မှ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ကော်မတီများအား ဘတ်ဂျက်ခွဲဝေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများမှ ကြီးကြပ်ဆောင်ရွက်ပါသည်။ လွှတ်တော်ဌာနများသည် ၎င်းတို့၏နှစ်စဉ်ဘတ်ဂျက်ကို သီးခြားရေးဆွဲ၍ပေးပို့ရပါသည်။ လွှတ်တော်ဌာနများသည် ဘတ်ဂျက်ရေးဆွဲရာတွင် စည်းမျဉ်း၊ စည်းကမ်းများကိုမူ အစိုးရဌာနများနှင့် တူညီသော စည်းမျဉ်း၊ စည်းကမ်းအတိုင်း လိုက်နာရပါသည်။

၂၅။ လွှတ်တော်ဥက္ကဋ္ဌများသည် လွှတ်တော်တစ်ရပ်လုံးနှင့် ပတ်သက်၍ တာဝန်ရှိပါသည်။ ဘဏ္ဍာရေးဌာနသည် လွှတ်တော်၏ဘတ်ဂျက်အား လွှတ်တော်မှ အတည်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်ရပါသည်။ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသော စွမ်းဆောင်မှုနှင့် တာဝန်ခံမှု ဥပဒေတွင် Budget ရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်းများကို အစိုးရအုပ်ချုပ်ရေးအဖွဲ့မှ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။[14]

## စီမံခန့်ခွဲမှုဆောင်ရွက်ရာ၌ စောင့်ကြည့်လေ့လာခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တာဝန်ခံမှုရှိခြင်း

၂၆။ လွှတ်တော်ဝန်ဆောင်မှုများဆိုင်ရာ ကော်မရှင်မင်းကြီးသည် စီမံခန့်ခွဲမှုမူဝါဒများနှင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌများကို အကြံဉာဏ်များပေးပါသည်။ လုပ်ငန်းနှင့်ဆက်စပ်သည့် အစီရင်ခံစာများနှင့် စုံစမ်းစစ်ဆေးမှုများကို လွှတ်တော်ဥက္ကဋ္ဌများမှ ညွှန်ကြားလာပါက ကော်မရှင်မင်းကြီးမှ ဆောင်ရွက်ပေးရပါသည်။

၂၇။ လွှတ်တော်ဝန်ဆောင်မှုဆိုင်ရာ ဌာနများသည် ဘတ်ဂျက်သုံးစွဲမှုနှင့် ပတ်သက်၍ တာဝန်ခံရသည့်အပြင် အစီရင်ခံစာများကိုလည်း ရေးဆွဲတင်ပြကြရပါသည်။ ထို့အပြင် ဘတ်ဂျက်နှင့် ပတ်သက်၍ ဩစတြေးလျနိုင်ငံ၊ နိုင်ငံတော်စာရင်းစစ်ရုံး၏ ပြင်ပစာရင်းစစ်ဆေးမှုများကိုလည်း တာဝန်ခံရပါသည်။

---

[14] Ibid.

၂၈။ အောက်လွှတ်တော်တွင်

(က) စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားပြီး ၎င်းကော်မတီသည် ညွှန်ကြားရေးမှူးချုပ် (Clerk) နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် (Deputy Clerk) တို့ကို တာဝန်ခံ၍ သတင်းပို့ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကိုဆောင်ရွက်၍ ဌာနတွင်းစာရင်းစစ်ဆေးမှုကို ဆောင်ရွက်ပါသည်။

(ခ) အောက်လွှတ်တော်တွင် ငွေကြေးလိမ်လည်မှုထိန်းချုပ်ရေးနှင့်ငွေကြေးလိမ်လည်မှုအန္တရာယ်ဖြစ်ပေါ်လာပါကဖြေရှင်းနိုင်ရေးအတွက် သုံးသပ်ရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ထားပါသည်။

(ဂ) ဌာနတွင်း စာရင်းစစ်ဆေးရေးစီမံချက်ကို မဟာဗျူဟာကျကျရေးဆွဲချမှတ်ထားပြီး ဌာနအလိုက်အလွဲသုံးစားမှုများရှိပါက ယင်းအဖွဲ့မှ ကြီးကြပ်၍ ဖော်ထုတ်ဆောင်ရွက်ပါသည်။

၂၉။ အထက်လွှတ်တော်တွင်

(က) ဘဏ္ဍာရေးနှင့်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဥပဒေပြုရေးကော်မတီနှင့် ဘတ်ဂျက်ရေးဆွဲရေးဝန်ထမ်းများပါဝင်၍လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း ပါဝင်ဖွဲ့စည်းထားပြီး ၎င်းလွှတ်တော်အမတ်များသည် လွှတ်တော်ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုကို စောင့်ကြည့်ကြီးကြပ်ပါသည်။

(ခ) လွှတ်တော်၏ဘတ်ဂျက်နှင့်ပတ်သက်၍ ကြားနာမှုများကိုလွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်ခြင်းအားဖြင့် လွှတ်တော်ဌာနဆိုင်ရာအရာရှိများ၏ သုံးသပ်ချက်နှင့်အကြံပြုချက်များကို ရယူသည့်အပြင် ၎င်းတို့၏စွမ်းဆောင်မှုများကိုလည်း ပြန်လည်သုံးသပ်ခြင်းဖြင့် အရေးကြီးသော လွှတ်တော်တွင်း တာဝန်ယူမှု၊ တာဝန်ခံမှုကိုဖြစ်စေပါသည်။[15]

[15] Ibid.

## လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များ

၃၀။ လွှတ်တော်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များအား လွှတ်တော်ဝန်ထမ်းများ၏ ရပ်တည်ချက်အနေအထားအပေါ်မူတည်၍ ကျင့်ဝတ်များကို လိုက်နာရန် စီစဉ်ဆောင်ရွက်ပြီး လွှတ်တော်ဝန်ထမ်းများအတွက် ဝန်ထမ်းများ၏သဘောသဘာဝ၊ ရည်မှန်းချက်နှင့်ကျင့်ဝတ်များအား ဖွင့်ဆိုရပါသည်။

## ကျင့်ဝတ်များကို လိုက်နာရန် စည်းမျဉ်းစည်းကမ်းများချမှတ်၍ စီစဉ်ဆောင်ရွက်ခြင်း

၃၁။ လွှတ်တော်ဝန်ထမ်းများမှ ကျင့်ဝတ်များအား အစဉ်သဖြင့်လိုက်နာရေးအတွက် စည်းမျဉ်းစည်းကမ်းများချမှတ်၍ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(က) **ကျင့်ဝတ်တည်ရှိမှု။** ဩစတြေးလျနေသဟာရနိုင်ငံ၏ ပြည်သူ့အရာရှိများ၏ ကျင့်ဝတ်လမ်းညွှန်အား ၁၉၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ သာတူညီမျှ အခွင့်အလမ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုကော်မတီမှ ၁၉၉၅ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ချက်အား ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။ လွှတ်တော်ရုံးသည် လွှတ်တော်ဝန်ထမ်းများအတွက် အခြေခံမူများရေးဆွဲခဲ့ပြီးနောက်ဆက်တွဲလက်ကမ်းစာစောင်များကိုလည်းရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။

(ခ) **ပင်ရင်းတာဝန်ရှိသောဌာန။** ပြည်သူ့ဝန်ဆောင်မှုအတွက်ကော်မတီမှ စတင်ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်တွင် သာတူညီမျှအခွင့်အလမ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုကော်မတီမှ ပြင်ဆင်ခဲ့ခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **သက်ဆိုင်သောအကြောင်းအရာများ။** ပြည်သူ့ဝန်ထမ်း၊ အစိုးရဝန်ထမ်းနှင့် လွှတ်တော်ဝန်ထမ်းတို့၏အကြားဆက်ဆံရေးတွင်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများကြားတွင် အပြန်အလှန် တာဝန်ရှိခြင်းဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအားလုံး၏ အပြုအမူနှင့်ပတ်သက်သောစည်းမျဉ်း၊ စည်းကမ်းများနှင့်လည်းကောင်း၊ တစ်ဖက်စောင်းနင်းဖြစ်မှုများနှင့်လည်းကောင်း၊ မိတ်ဆွေအ

ပေါင်းအသင်းများကြား ဆက်ဆံရေးတွင်လည်းကောင်း၊ လိမ်လည်လှည့်ဖျားခြင်းများနှင့်စပ်လျဉ်း၍လည်းကောင်းအကျုံးဝင်ပါသည်။[16]

**ကျင့်ဝတ်များအားယေဘုယျဖွင့်ဆိုခြင်း**

၃၂။ လွှတ်တော်ဝန်ထမ်းများ၏ သဘောသဘာဝများ၊ အလေ့အကျင့်များ၊ ရည်မှန်းချက်များ အပေါ်မူတည်၍ ကျင့်ဝတ်များရေးဆွဲရပါသည်။ လွှတ်တော်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ အဖွဲ့သည် လွှတ်တော်အားလုံးအတွက် ကျင့်ဝတ်တစ်ခုတည်းဖြင့် စဉ်းစားတွေးခေါ်ခြင်းသည် လက်တွေ့မကျနိုင်ပါ။ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံအရာရှိများအတွက် ကျင့်ဝတ်သည် မည်သို့ဆိုစေကာမူ ပြည့်စုံသင့်ပါသည်။ ကျင့်ဝတ်များနှင့်စပ်လျဉ်း၍

(က) **ထိရောက်မှု။** ကျင့်ဝတ်ကိုသတ်မှတ်ပြဋ္ဌာန်းထားခြင်းသည် တစ်စုံတစ်ခုသော အတိုင်းအတာတစ်ခုအထိ လေးစားမှုကိုရရှိစေရန်အတွက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ခ) **တိုင်ကြားမှုများအားအရေးယူခြင်း။** ၎င်းသည် ကျင့်ဝတ်ထဲတွင် ဖော်ပြထားခြင်း မရှိသော်လည်း ပြည်သူ့ဝန်ထမ်းဥပဒေတွင် တိုင်ကြားမှုများအား အရေးယူရန် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(၁) နှုတ်ဖြင့်သတိပေးခြင်း၊

(၂) စာဖြင့်သတိပေးခြင်း၊

(၃) လစာလျှော့ချခြင်း၊

(၄) ပြောင်းရွှေ့ခြင်း၊

(၅) ထုတ်ပယ်ခြင်း။

(ဂ) **ပြည့်စုံရမည့်အချက်များ။** ယေဘုယျအခြေခံမှုများသာလျှင်ဖြစ်ပြီး တိကျသော စည်းမျဉ်းများသည် ပြည်သူ့ဝန်ထမ်းဥပဒေတွင်ပါဝင်ပါသည်။

(ဃ) **လိုက်နာရမည့်သူများ။** လွှတ်တော်ဝန်ထမ်းအားလုံးနှင့်သက်ဆိုင်ပါသည်။[17]

---

[16] Inter-Parliamentary Union , Codes of conduct for parliamentary staff, http://www.ipu.org/ASGP-e/Zampini.pdf, [accessed date 22 July 2016]

[17] Ibid.

**နိဂုံး**

၃၃။ ဩစတြေးလျနိုင်ငံ လွှတ်တော်ဝန်ထမ်းများနှင့်စပ်လျဉ်းသော စီမံအုပ်ချုပ်မှုများသည် အောက်ပါတို့အား ညွှန်ပြနေကြောင်းတွေ့ရှိရပါသည်-

(က) ဝန်ထမ်းတစ်ဦးသည်ယာယီအားဖြင့်ဖြစ်စေ၊အမြဲတမ်းဖြစ်စေမြို့ပြဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းများကြား ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ပါသည်။

(ခ) အုပ်ချုပ်ရေးအဖွဲ့သည် လွှတ်တော်တစ်ရပ်လုံး၏ အသုံးစရိတ်နှင့်ပတ်သက်၍ ဘတ်ဂျက်ဥပဒေမူကြမ်းကို ဆုံးဖြတ်ပိုင်ခွင့်ရှိသော်လည်း အတည်ပြုခြင်းနှင့် ပတ်သက်၍ လွှတ်တော်မှသာ ဆောင်ရွက်ပါသည်။

(ဂ) လွှတ်တော်၏ဘတ်ဂျက်ကို ဌာနအလိုက်ခွဲခြား၍ အုပ်ချုပ်ရေးအဖွဲ့သို့ ပေးပို့ရသဖြင့် လွှတ်တော်ကော်မတီများအသုံးစရိတ်နှင့်ပတ်သက်၍ လွှတ်တော်မှလွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။

(ဃ) အထက်လွှတ်တော် သို့မဟုတ် အောက်လွှတ်တော်တွင် ခန့်အပ်ထားသည့် ညွှန်ကြားရေးမှူးချုပ် (Clerk) တစ်ဦးအား သက်တမ်း ၁၀ နှစ်သတ်မှတ်၍ ခန့်အပ်ပါသည်။ သက်တမ်းပြည့်ပြီးနောက် ၎င်းအား ထပ်မံ၍ခန့်အပ်ခွင့်မပြုပါ။

(င) လွှတ်တော်ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးထိန်းညှိရေး ကော်မရှင်မင်းကြီးသည် လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်နိုင်ရေးနှင့် မူဝါဒ စွဲကင်းရှင်းစေရေးတို့အား စောင့်ကြည့်ကြီးကြပ်ရန်အတွက် တာဝန်ရှိပါသည်။

၃၄။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ဝန်ထမ်းများသည် ဩစတြေးလျနိုင်ငံလွှတ်တော်မှဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များ၊ စီမံအုပ်ချုပ်မှုများနှင့် ၎င်းတို့ လိုက်နာကျင့်သုံးနေရသော ကျင့်ဝတ်များအား သိရှိလေ့လာပြီး သက်ဆိုင်ရာလုပ်ငန်းတာဂန်များအား ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com